# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၃၈ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

**မူဆယ်-မန္တလေးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ (Project Steering Committee) ဖွဲ့စည်းခြင်း**

၁။ မူဆယ်-မန္တလေးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း (Government to Government) ညှိနှိုင်းဆောင်ရွက်နိုင်ရန် **"မူဆယ် - မန္တလေးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ (Project Steering Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဓ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ မူဆယ်-မန္တလေးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ (Project Steering Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရအချင်းချင်း (Government to Government)ညှိနှိုင်းဆောင်ရွက်နိုင်ရေးမူဘောင်(Framework) ရေးဆွဲအတည်ပြုခြင်း၊

(ခ) နှစ်နိုင်ငံအစိုးရများအကြား တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းနှင့် Framework Agreement လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) ဦးဆောင်ကော်မတီသည် စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော ကော်မတီနှင့်အဖွဲ့များဖွဲ့ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အစီအစဉ်များချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပုံစံ (Financial Model) နှင့် စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမည့်ရန်ပုံငွေဆိုင်ရာမူဝါဒ သတ်မှတ်တင်ပြခြင်း၊

(င) စီမံကိန်း၏ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမည့်သူများအား ဖိတ်ခေါ်နိုင်ရေးနှင့် အတိုးနှုန်းသက်သာသော ဖွံ့ဖြိုးမှုရန်ပုံငွေရရှိရေးဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးပြုကုမ္ပဏီ (Special Purpose Vehicle) ထူထောင်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းမူဘောင် (Framework) ရေးဆွဲခြင်းနှင့် နိုင်ငံတော်အစိုးရနှင့် အထူးပြုကုမ္ပဏီ (Special Purpose Vehicle) အကြား လုပ်ငန်းဆိုင်ရာ သဘောတူညီချက်စာချုပ် (မူကြမ်း) အပေါ် သုံးသပ်ခြင်း၊

(ဆ) ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြခြင်း၊

( ဓ ) နိုင်ငံတော်ဘတ်ဂျက်သုံးစွဲရန်ကိစ္စရပ်များ၊ ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှတစ်ဆင့် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ